ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

( အမိန့်ကြော်ငြာစာအမှတ် ၁၀၁၄ / ၂၀၁၆ )

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် )

## နိဒါန်း

ပြည်ထဲရေးဝန်ကြီးဌာနသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ ၃ တွင်-

(က) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁)ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈၊ ပုဒ်မ ၁၇ တို့နှင့်အညီ ဆောင်ရွက်၍မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း"**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးပြီး နည်းဥပဒေခွဲငယ် (၃)ကို ပယ်ဖျက်ရမည်-

"(၂) **နည်းဥပဒေခွဲငယ် (၁)အရ မှတ်ပုံတင်ခွင့် ရရှိသည့် အသင်းအဖွဲ့သည် မှတ်ပုံတင်ကြေးပေးသွင်းရန် လိုအပ်သည့် အသင်းအဖွဲ့ဖြစ်ပါက ဥပဒေ ပုဒ်မ ၁၀ အရ သတ်မှတ်သော မှတ်ပုံတင်ကြေးကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းစေခြင်း။"**

(ဂ) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁)ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးပြီး နည်းဥပဒေခွဲငယ် (၃)ကို ပယ်ဖျက်ရမည်-

"(၂) **နည်းဥပဒေခွဲငယ် (၁)အရ မှတ်ပုံတင်ခွင့် ရရှိသည့် အသင်းအဖွဲ့သည် မှတ်ပုံတင်ကြေးပေးသွင်းရန် လိုအပ်သည့် အသင်းအဖွဲ့ဖြစ်ပါက ဥပဒေ ပုဒ်မ ၁၀ အရ သတ်မှတ်သော မှတ်ပုံတင်ကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းစေခြင်း။"**

( င ) နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁)ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( စ ) နည်းဥပဒေခွဲ ( ဂ )၊ နည်းဥပဒေခွဲငယ် ( ၂ ) နှင့် ( ၃ ) တို့ကို ပယ်ဖျက်ရမည်။

(ဆ) နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၁)ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဇ ) နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် ( ၂ ) နှင့် ( ၃ ) တို့ကို ပယ်ဖျက်ရမည်။

(ဈ ) နည်းဥပဒေခွဲ ( င )၊ နည်းဥပဒေခွဲငယ် (၁)ပါ **"မှတ်ပုံတင်ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်ခြင်း"** ဆိုသည့် စကားရပ်ကို **"ကိုက်ညီမှုရှိပါက ဥပဒေ ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) နည်းဥပဒေခွဲ ( င )၊ နည်းဥပဒေခွဲငယ် ( ၂ ) နှင့် ( ၃ ) တို့ကို ပယ်ဖျက်ရမည်။

၃။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၇)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၇)၊ နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၇)၊ နည်းဥပဒေခွဲ ( င )၊ နည်းဥပဒေခွဲငယ် (၇)တို့ပါ **"ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း"**ဟူသည့် စကားရပ်ကို **"ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ အသိပေး တင်ပြမှုအားမှတ်တမ်းတင်ခြင်း"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁၀)၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁၀)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁၀)၊ နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၁၀)၊ နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၁၀) တို့ပါ **"စိစစ်မှတ်တမ်းတင်ခြင်း"** ဆိုသည့် စကားရပ်နောက်တွင် **"နှင့် လိုအပ်သည့် ညွှန်ကြားမှုများ ဆောင်ရွက်ခြင်း"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က)နှင့် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) တို့ပါ **"နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမည်။"** ဆိုသည့် စကားရပ်ကို **"နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)နှင့် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ဂ)တို့ပါ **"နိုင်ငံသားများ"** ဆိုသည့်စကားရပ်နောက်တွင် **"၏"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၇။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (င) ပါ **"ခိုင်မာအားကောင်းသော"**ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (စ)နှင့် နည်းဥပဒေခွဲ (ဆ)တို့ပါ **"အသင်း"** ဆိုသည့် စကားရပ်ကို **"အသင်းအဖွဲ့"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဆ) ပါ **"သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများ ပူးတွဲတင်ပြရမည်"** ဆိုသည့် စကားရပ်ကို **"သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားတောင်းခံထားသည့်စာကို ကနဦး ပူးတွဲတင်ပြရမည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများကို ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် တစ်ပါတည်းတင်ပြရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၈ နှင့် နည်းဥပဒေ ၁၃ တို့ပါ **"မှတ်ပုံတင် ခွင့်ပြုကြောင်း အကြောင်းကြားရမည်။"**ဆိုသည့် စကားရပ်ကို **"မှတ်ပုံတင် ခွင့်ပြုကြောင်း အကြောင်းကြားပြီး မှတ်ပုံတင်လက်မှတ်အား ဥပဒေနှင့်အညီ ထုတ်ပေးရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (စ)ပါ **"တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၂။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၀ ပါ **"မှတ်ပုံတင်လက်မှတ် လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်ပြုကြောင်း အကြောင်းကြားရမည်။"** ဆိုသည့် စကားရပ်အစား **"မှတ်ပုံတင်လက်မှတ် လဲလှယ်ခွင့်နှင့် သက်တမ်းတိုးခွင့်ပြုကြောင်း အကြောင်းကြားပြီး မှတ်ပုံတင်လက်မှတ် လဲလှယ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းတို့အား ဆောင်ရွက်ပေးရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၅ အား နည်းဥပဒေ ၂၇ အဖြစ် ပြင်ဆင်ပြီး နည်းဥပဒေ ၂၅ အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

> **"၂၅။ အသင်းအဖွဲ့တစ်ခုသည် ဖျက်သိမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အသင်းလိပ်စာပြောင်းလဲခြင်းပြုလိုကြောင်း ဥပဒေ ပုဒ်မ ၃၇ အရ တင်ပြလာပါက ယင်း တင်ပြချက်အား သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့မှ စိစစ်မှတ်တမ်းတင်ပြီး အကြောင်းပြန်ကြားရမည်။"**

၁၄။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၆ အား နည်းဥပဒေ ၂၈ အဖြစ် ပြင်ဆင်ပြီး နည်းဥပဒေ ၂၆ အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

**"၂၆။ အသင်းအဖွဲ့တစ်ခုသည် ယင်းအသင်းအဖွဲ့ တွင်ပါဝင်သောပုဂ္ဂိုလ်များ ဆန္ဒအလျောက် နှုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် အသင်းအဖွဲ့ ကိုယ်စားပြု ကိုယ်စားလှယ်များ ပြောင်းလဲခြင်းပြုလိုကြောင်း ဥပဒေပုဒ်မ ၃၈ အရ တင်ပြလာပါက ယင်းတင်ပြချက် အားသက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့မှ စိစစ် မှတ်တမ်း တင်ပြီး အကြောင်းပြန်ကြားရမည်။"**

ဒုတိယဗိုလ်ချုပ်ကြီးကိုကို
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ပထရ/ ၂ / ၁ - ၁ (၁၀၁၄)/၂၀၁၆
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊မတ်လ ၂၈ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးအားလုံး
နေပြည်တော်ကောင်စီရုံး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများ

နေပြည်တော် ၊ တိုင်းဒေသကြီး/ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအားလုံး } မိမိဌာနလက်အောက်ရှိခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ဖြန့်ဝေပေးပါရန်။

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
} မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

**အမိန့်အရ**

ပြုံးချို
ခေတ္တအမြဲတမ်းအတွင်းဝန်

မိတ္တူကို
လက်ခံစာတွဲ/ မျှောစာတွဲ